အောက်တိုဘာ 23 ရက်၊ 2023

# Hightower မူလတန်းကျောင်း ရှိ STEM Education ပညာရေးအတွက် Chevron မှ ပညာရေးထောက်ပံ့ကြေး $10,000 အား ထောက်ပံ့ပေးခဲ့။

Chevron ထံမှ ရက်ရောလှစွာသော $10,000 တန်ဖိုးရှိ DonorsChoose ပညာရေးထောက်ပံ့ကြေးအား ရရှိပြီးသည့်နောက်တွင် တီထွင်ဆန်းသစ်မှုအပိုင်းအတွက် တစ်တက်တစ်အား ပံ့ပိုးထောက်ပံ့မှုများ ပိုမို ရရှိလာခဲ့သည်။ Hightower မူလတန်းကျောင်းမှ ကျောင်းသားများသည် စိတ်လှုပ်ရှားဖွယ်ရာသိပ္ပံဘာသာရပ်၊ နည်းပညာ၊ အင်ဂျင်နီယာ၊ နှင့် သင်္ချာ (STEM) သင်ကြားလေ့လာရေးလောကထဲသို့ ၎င်းတို့၏ စိတ်ကူးစိတ်သန်းများကိုချဲ့ထွင်ရန် သင်ကြားရေး ပစ္စည်းများနှင့် အရင်းအမြစ်များကို ယခုအချိန်တွင် ပိုမိုရရှိလာမည်ဖြစ်ပါသည်။

အောက်တိုဘာ 18 ရက်တွင် Chevron သည် ဤထောက်ပံ့ကြေးကို ရရှိသော Hightower ကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သော Shelia Price မှ ၎င်းတို့၏ ရက်ရက်ရောရော ပူးပေါင်းဆောင်ရွက်မှုအတွက် Chevron အားကျေးဇူးတင်ဖော်ပြထားကြောင်း တင်ပြခဲ့ပါသည်။

"ဒီထောက်ပံ့မှုအတွက် ကျွန်ုပ်တို့ ဝမ်းသာပါတယ်။ Chevron နဲ့အတူ ကျွန်ုပ်တို့ လက်တွဲဆောင်ရွက်ခဲ့တာ နှစ်ပေါင်းများစွာ ကြာရှိသွားပြီ ဖြစ်ပါတယ်၊" ဟု ကျောင်းအုပ်ကြီး Price က ဆိုခဲ့ပါသည်။ "သူတို့က ကျွန်ုပ်တို့ရဲ့ ကျောင်းကို အမြဲတမ်း ထောက်ပံ့ပေးပါတယ်၊ ဒီရပ်ကွက်ပတ်ဝန်းကျင်အတွက် အမြဲ အသင့်ရှိနေပေးပြီး၊ ကျွန်ုပ်တို့ကို အမြဲတမ်း ကောင်းမွန်လာအောင် ပြန်လည် လုပ်ဆောင်ပေးတယ်၊ ပြီးတော့ ကျေးဇူးတင်တယ်လို့ပဲပြောချင်တယ်။"

Hightower မူလတန်းကျောင်းသည် ကမ္ဘာတစ်ဝှမ်းမှ မူလတန်း နှင့် အလယ်တန်းကျောင်းများအား အသိအမှတ်ပြုရန် နှစ်မြှုပ်အားထုတ်ဆောင်ရွက်လျက်ရှိသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Cognia ထံမှ STEM ကျောင်းအနေဖြင့် အလွန်အရေးကြီးသော အသိအမှတ်ပြုလက်မှတ်ကို ရရှိထားပါသည်။ ကျောင်းအုပ်ကြီး Price သည် မူလတန်း ကျောင်းသားများအား ရေရှည်တည်မြဲမှုသဘောတရားများကို မိတ်ဆက်ပေးသည့် တမူထူးခြားသော စိန်ခေါ်ဆောင်ရွက်မှုများကို အသိအမှတ်ပြုလက်ခံသူ ဖြစ်သည်။

" ကျွန်ုပ်တို့ရဲ့ ကျောင်းသားတွေကို ဒီအသက်အရွယ်မှာ စတင်မိတ်ဆက်ပေးဖို့ လိုအပ်တဲ့ သင်ကြားရေးပစ္စည်းတွေ ကျွန်ုပ်တို့မှာ သေချာပေါက် ရှိနေဖို့ အလွန် အရေးကြီးပါတယ်။ ဒီထောက်ပံ့ငွေက ကျွန်ုပ်တို့ကို အများကြီး အကူအညီပေးမှာပါ၊ " ဟု Ms. Price မှ ပြောကြားခဲ့သည်။ "ကျွန်ုပ်တို့အနေနဲ့ ကျွန်ုပ်တို့ ကျောင်းသားတွေအတွက် သင်ကြားရေးပစ္စည်းတွေ၊ ထောက်ကူပစ္စည်းတွေနဲ့ အတွေ့အကြုံတွေကို ဝယ်ယူထောက်ပံ့ပေးနိုင်မှာ ဖြစ်ပြီး၊ ဒီလိုဝယ်ယူထောက်ပံ့ပေးခြင်းအားဖြင့် သူတို့တွေဟာ STEM သက်မွေးဝမ်းကျောင်းလုပ်ငန်းများနဲ့ ထိတွေ့ မှုရှိလာပြီး၊ ၎င်းတို့အတွက် ဘယ်လိုအရာတွေရှိနေကြောင်း၊ ဘယ်လိုအရာတွေ ရရှိနိုင်ကြောင်း သိရှိနားလည်လာကြမှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ သူတို့တွေအတွက်

တကယ့်လက်တွေ့ဘဝ ပြဿနာများကို အသုံးပြုကြည့်စေတယ်၊ ပြီးတော့ သူတို့တွေဟာ ဒီပြဿနာတွေကို ဖြေရှင်းဖို့အတွက် တီထွင်ဖန်တီးမှုရှိတဲ့ နည်းလမ်းများကို ဖော်ထုတ်ယူဆောင်လာကြတယ်။”

DonorsChoose သည် Chevron အနေနှင့် အစိုးရကျောင်းမှကျောင်းသားများနှင့် ဆရာများအား ထောက်ပံ့ရန် ၎င်းတို့၏ တာဝန်ခံယူချက်ကို ဆက်လက်လုပ်ဆောင်နိုင်စေရန်တွက် လွယ်ကူသော နည်းလမ်းများကို ထောက်ပံ့ပေးသည့်အပြင် အစိုးရ ကျောင်းမှ စာသင်ခန်း ပရောဂျက်များသို့ တိုက်ရိုက်လှူဒါန်းနိုင်ရန် ခွင့်ပြုသော အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ 2021 ကတည်းကစ၍ Chevron သည် $3.5 သန်းနီးပါး ရင်းနှီးမြှုပ်နှံခဲ့ပြီး ပရောဂျက်ပေါင်း 4,300 နီးပါးကို ငွေကြေး ထောက်ပံ့ခဲ့ခြင်းဖြင့် တစ်နိုင်ငံလုံးအနှံ့ စာသင်ခန်းများကို အကြီးအကျယ် အကျိုးသက်ရောက်မှုရှိစေခဲ့သည်။

သို့ပေသော်ငြား ၎င်းတို့၏ ကတိကဝတ်ပြုလုပ်ဆောင်မှုများသည် ဆက်လက် တည်ရှိနေဆဲ ဖြစ်သည်။ Chevron သည် သတ်မှတ်ထားသော Florida ၊ Georgia ၊ နှင့် Texas ကျောင်းခရိုင်များအတွက် DonorsChoose ပညာရေး ထောက်ပံ့ကြေး $100,000 ကို ပေးအပ်မည်ဟု ဖော်ပြခဲ့ပါသည်။ Chevron Pascagoula ရေနံချက်စက်ရုံမှ ရပ်ရွာအဖွဲ့အစည်း အရေးကိစ္စဆိုင်ရာ ကိုယ်စားလှယ် ဖြစ်သော Amy Brandenstein သည် STEM ပညာရေးအတွက် Hightower မူလတန်းကျောင်း၏ နှစ်မြှုပ်အားထုတ်ဆောင်ရွက်မှုများကို ချီးကျူးခဲ့သည်။

“သူတို့တွေဟာ ကလေးတွေအတွက် ကြီးကျယ်သော အရာတွေကို လုပ်ဆောင်ပေးနေကြတာ ဖြစ်တယ်။ သူတို့တွေက တစ်လတစ်ကြိမ် တကယ့်လက်တွေ့ ပြဿနာတွေကို ကူညီဖြေရှင်းပေးတဲ့ သိပ္ပံစမ်းသပ်မှုတွေနဲ့ ပရောဂျက်တွေကို အာရုံပြုလုပ်ဆောင်လေ့ရှိတာဟာ မူလတန်းအဆင့်အတွက်ဆို တကယ်ကို အံ့သြဖို့ကောင်းတဲ့အရာပဲ ဖြစ်ပါတယ်၊” ဟု Ms. Brandenstein မှ ဆိုသည်။ “ ကျောင်းသားတွေကို ဒီလိုကြီးမားတဲ့အခွင့်အရေး ပေးအပ်ရပြီး လက်တွဲလုပ်ဆောင်ရတဲ့အတွက် အထူးဂုဏ်ယူဝမ်းမြောက်ရပါတယ်။”

ကျောင်းအုပ်ကြီး Price မှလည်း သူမအနေနှင့် ဤရက်ရောလှသော ကော်ပိုရိတ်လုပ်ငန်း ငွေကြေးအထောက်အပံ့အတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့ပြီး၊ သူမ၏ကျောင်းသားများ STEM ဘာသာရပ်တွင် ထူးချွန်ရန်တွက် ကိရိယာများ၊ အသိပညာ၊ နှင့် အားပေးမှုတို့ကို ပိုမို ထောက်ပံ့ပေးခြင်းအားဖြင့် ကျောင်းသားများ၏ ပညာရေးကို ချဲ့ထွင်ပေးမည်ဖြစ်ကြောင်း ထပ်လောင်းပြောဆိုခဲ့ပါသည်။

XXX